# LAMBETH နှိုးဆော်မှု သမ္မာကျမ်းစာလေ့လာခြင်း

# ဘေးကင်းလုံခြုံသော ဘုရားကျောင်း

## နိဒါန်း

ဤသမ္မာကျမ်းစာလေ့လာမှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို Lambeth Conference နှင့် Lambeth နှိုးဆော်မှုများ၏ အဆင့် ၃ အစိတ်အပိုင်းကဲ့သို့ ပြင်ဆင်ထားပါသည်။ ဤသမ္မာကျမ်းစာလေ့လာမှုသည် ဘေးကင်းလုံခြုံသော ဘုရားကျောင်းဆိုင်ရာ Lambeth နှိုးဆော်မှု နှင့်ပတ်သက်ပါသည်။ ဤ Lambeth နှိုးဆော်မှု ကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

*အလွဲသုံးစားပြုခြင်းနှင့်ဆိုင်သော အကြောင်းအရာများကို စဉ်းစားခြင်းနှင့်ပြောဆိုခြင်းသည် အလွဲသုံးစားပြုခံရခြင်း သို့မဟုတ် အခြားသော မတော်မတရားပြုခံရခြင်း အခြေအနေများကို ကိုယ်တိုင်ကြုံတွေ့ခဲ့သောသူများ၊ နှင့် နှိပ်စက်ညှဉ်းပန်းမှုခံရခြင်းကြောင့် ရင်းနှီးသောသူတစ်ဦး နာကျင်ခံစားနေရခြင်းကို ကြုံတွေ့ရသောသူများအတွက် ထိခိုက်နာကျင်မှုဖြစ်စေနိုင်သည်ကို ကျွန်ုပ်တို့နားလည်ပါသည်။*

*ကျေးဇူးပြုပြီး ဤအကြောင်းအရာကို* သတိထားပြောဆိုပြီး *သမ္မာကျမ်းစာလေ့လာမှု အဖွဲ့ဝင်အားလုံးကို ပါဝင်ရန် တောင်းဆိုမခြင်း မပြုပါနှင့်။ ဤပြောဆိုဆွေးနွေးမှုက နာကျင်မှု သို့မဟုတ် ဝမ်းနည်းမှု ဖြစ်စေပါက၊ မိမိကိုယ်ကို ဂရုစိုက်ရန်နှင့် ခေတ္တနားချိန်ယူရန် သို့မဟုတ် မပါဝင်ရန် အဖွဲ့ဝင်များကို တိုက်တွန်းပေးပါ။* ဤလုပ်ငန်းစဉ်၌ တစ်ယောက်ယောက်က အလွဲသုံးစားပြုခြင်းကို ထုတ်ဖော်ပြောပါက၊ သင်းအုပ်ဆရာနှင့်ဆိုင်သော အကြင်နာမေတ္တာပြည့်ဝသည့် ဂရုစိုက်မှုကို ပေး၍ သင့်ဂိုဏ်းအုပ်ဘုန်းတော်ကြီးနယ်ပယ်တွင်းရှိ အစီရင်ခံစာတင်ပြခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာလုပ်ဆောင်ပါ။ အစီရင်ခံစာတင်ပြခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်သော လမ်းညွှန်မှုအတွက်၊

ဘေးကင်းလုံခြုံသော ဘုရားကျောင်း ကော်မရှင် ဝက်ဘ်ဆိုက်ပေါ် ရှိ မှီငြမ်းကိုးကားစရာများကို ရှာကြည့်ပြီး၊ သင့်လျော်မှုရှိပါက ရဲအာဏာပိုင်ကိုတိုင်ကြားရန် ယင်းလူပုဂ္ဂိုလ်ကို အကူအညီပေးပါ။

# ဤလေ့လာမှုကို အသုံးပြုနည်း

## 'နှိုးဆော်မှုနှင့် တုံ့ပြန်မှု'— ကျမ်းစာလေ့လာမှုပုံစံ

Lambeth နှိုးဆော်မှုတစ်ခုစီကို အင်္ဂလီကန်သဟာယ - ဖိတ်ခေါ်သောတုံ့ပြန်မှု အတွက်ဆက်ကပ်ထားပါသည်။ သမ္မာကျမ်းစာလေ့လာမှုသည် 'နှိုးဆော်မှုနှင့် တုံ့ပြန်မှု' ပုံစံတစ်ခုအပေါ် အခြေခံထားသည်။ ဤကျမ်းစာလေ့လာမှုသည် သင့်အား အဆင့်သုံးဆင့်တက်ရန် ဖိတ်ခေါ်လိမ့်မည်-

### ၁။ နှိုးဆော်သံကို ကြားပါ

ဤနှိုးဆော်မှု၏ အဓိကသတင်းစကားများထဲမှတစ်ခုကို အတူတကွလေ့လာ၍ Lambeth နှိုးဆော်မှု အပေါ် ကျွန်ုပ်တို့၏နားလည်မှုကို သမ္မာကျမ်းစာက မည်သို့လမ်းပြပေးနိုင်သည်ကို စဉ်းစားဆင်ခြင်ပါ။

### ၂။ သမ္မာကျမ်းစာကို နာခံလိုက်လျှောက်ပါ

ဤလေ့လာမှုကိုအထောက်အကူဖြစ်စေရန်အလို့ငှာ ရွေးချယ်ထားသည့်ကျမ်းပိုဒ်များကို ဖတ်ရှု၍ ဆင်ခြင်စဉ်းစားပါ။

### ၃။ တုံ့ပြန်မှု ပြုလုပ်ပါ

ဤ Lambeth နှိုးဆော်မှု အတွင်းရှိ အဓိကဆောင်ပုဒ်များနှင့် သင့်နေရာဒေသအတွင်းရှိ ဘေးကင်းလုံခြုံသော ဘုရားကျောင်း လမ်းညွှန်များ ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာလုပ်ဆောင်မှုများအပေါ်ကိုယ်တိုင်ကိုယ်ကျ မည်ကဲ့သို့တုံ့ပြန်မှုမည်ကို ကြံဆလုပ်ဆောင်ပါ။

# စတင်လိုက်ပါ

## ၁။ နှိုးဆော်သံကို နားထောင်ပါ (မိနစ် ၂၀)

***ဘေးကင်းလုံခြုံသော ဘုရားကျောင်းဆိုင်ရာ Lambeth နှိုးဆော်မှု ကို ဤနေရာတွင် ဖတ်ရှုပါ။***

***ဤအစီအစဉ်ကဆောင်ပုဒ်နှင့်ဆိုင်သော ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာအတွက် Webinar ရိုက်ကူးခြင်းမှ ရုပ်သံအတိုအပိုင်းများကို ကြည့်ရှုပါ။***

ဤ ဘေးကင်းလုံခြုံသော ဘုရားကျောင်းဆိုင်ရာ Lambeth နှိုးဆော်မှု က **လူသားမျိုးနွယ်မိသားစုဝင်အားလုံးအတွက် ဘုရားသခင်၏မေတ္တာတော်နှင့် ကလေးသူငယ်များ၊ အားနည်းသောသူများ နှင့် ဖယ်ကြဉ်ချန်လှပ်ခြင်းခံရသောသူများအတွက် သခင်ယေရှု၏အမှုတော်မြတ်အပေါ် ဦးစားပေးလုပ်ဆောင်မှုကို သမ္မာကျမ်းစာက သက်သေထူထားသည့်အကြောင်းကို** အသိပေးကြေညာထားသည်ကို သတိပြုပေးပါ (2.3)။

လူ့အဖွဲ့အစည်းနှင့်အသင်းတော်အတွင်း အာဏာအလွဲသုံးစားမှု ပုံသဏ္ဍာန်အမျိုးမျိုးကို ဤနှိုးဆော်မှုက မီးမောင်းထိုးထားသည်ကို သတိပြုပေးပါ။ အလွဲသုံးစားပြုခြင်းခံရသောသူအများစုမှာ မိန်းမများနှင့် မိန်းမငယ်လေးများဖြစ်ကြပါသည်- 'ခရစ်တော်၏ ကိုယ်အင်္ဂါဝင်ဖြစ်သော အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုသည် ခရစ်တော်၏ကိုယ်အင်္ဂါအပေါ် အကြမ်းဖက်မှု ဖြစ်သည်။ အကြမ်းဖက်မှုသည် ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ စိတ်ခံစားချက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ၊ ဉာဏဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးရာ အကြမ်းဖက်များ အပါအဝင် ပုံစံများစွာဖြင့် ဖြစ်ပွားနိုင်သည်။ (2.3)

လူသားမျိုးနွယ်မိသားစုဝင်များထံမှ ချစ်ခြင်းမေတ္တာထက် အလွဲသုံးစားပြုခြင်းကို လူအများ တွေ့ကြုံခံစားသည့် အချိန်များစွာရှိပါသည်။ အကြမ်းဖက်မှုနှင့်အလွဲသုံးစားမှု ပုံသဏ္ဍာန်အားလုံးက အလွဲသုံးစားပြုခြင်းခံရသူများနှင့် သူတို့နှင့်နီးစပ်သောသူများကို ထိခိုက်နစ်နာမှု နှင့် ဝေဒနာများ ဆက်လက်ဖြစ်စေနိုင်ပါသည်။

အသင်းတော်တွင်း၌ရှိကြသော ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်က ကျွန်ုပ်တို့ကို ချစ်သကဲ့သို့ တစ်ဦးအပေါ်တစ်ဦး ချစ်ခြင်းမေတ္တာထားရန် နှိုးဆော်မှုကို အမြဲတမ်း ပြည့်မီလုပ်ဆောင်ခြင်းမရှိကြောင်းကို အမှတ်ရပြီး ဝန်ခံဖို့အတွက် အချိန်ယူပေးပါ။

တစ်ခါတစ်ရံတွင် အသင်းသူအသင်းသားများ နှင့် အသင်းတော်ခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများနှင့် သာမန်ခေါင်းဆောင်များ နှစ်မျိုးလုံးသည် အသင်းတော်ရှိအခြားလူများ နှင် မိသားစုဝင်များကို အလွဲသုံးစားပြုခြင်း နှင့် ထိခိုက်နစ်နာမှုများ ပြုလုပ်ကြပါသည်။ ဤ Lambeth နှိုးဆော်မှု က ထိုအလွဲသုံးစားပြုခြင်းကို အလေးအနက်ထားတုံ့ပြန်ပြီး အင်္ဂလီကန်သဟာအတွင်းရှိ အသင်းတော်အားလုံးကို ယင်းသို့ပြုမူလုပ်ဆောင်ရန် နှိုးဆော်ထားပါသည်။

ကျွန်ုပ်တို့၏အသင်းတော်များအတွက် နှင့် အသင်းတော်အတွင်းရှိ အလွဲသုံးစားခြင်းကြောင့် ထိခိုက်နာကျင်မှု ခံစားရသောသူများအတွက် အချိန်ယူ ငြိမ်သက်စွာဆုတောင်းပေးခြင်းသည် အကူအညီဖြစ်စေနိုင်ပါသည်။

အလွဲသုံးစားပြုခြင်းများသည် အလွဲသုံးစားပြုခံရသူများအပေါ်၌သာ သက်ရောက်မှုဖြစ်စေနိုင်သည် မဟုတ်ပါ။ သူတို့၏မိသားစုဝင်များ၊ သက်တူရွယ်တူများ နှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံးအပေါ် သက်ရောက်မှုဖြစ်စေပါသည်။ အသင်းတော်တွင်းရှိအလွဲသုံးစားမှုသည် အသင်းတော်အသိုက်အဝန်းတစ်ခုအပေါ် ကြီးစွာသောထိခိုက်မှုများ ဖြစ်စေနိုင်ပါသည်။ အသင်းတော်အတွင်းရှိ ယုံကြည်မှုနှင့် ဘုရားသခင်အပေါ်ယုံကြည်မှုကို ဖျက်ဆီးနိုင်ပါသည်။

အလွဲသုံးစားပြုခံရခြင်းကြောင့် ထိခိုက်နာကျင်ရသူအားလုံးအတွက် ဆုတောင်းပေးပါ။ ကျွန်ုပ်တို့ နာခံလိုက်လျှောက်ဖို့အတွက်သတ္တိရှိရန် နှင့် အားလုံးအတွက် ပို၍ဘေးကင်းလုံခြုံသောအသင်းတော်များ ဖြစ်စေဖို့အလို့ငှာ လုပ်ဆောင်ရန် ကျွန်ုပ်တို့ကိုယ်တိုင်အတွက်လည်း ဆုတောင်းပေးနိုင်ပါသည်။

## ၂။ သမ္မာကျမ်းစာကို နာခံလိုက်လျှောက်ပါ (မိနစ် ၂၀)

*ရှင်မာကု အခန်းကြီး ၅၊ အပိုဒ်ငယ် ၂၁ မှ ၃၄ အထိ ဖတ်ပါ*

ဤဖော်ညွှန်းချက်ကို အခြေပြုရန်နှင့် ရသ တိုးမြှင့်ရန် သမ္မာကျမ်းစာကိုဖတ်ရှုပါ၊ အထူးသဖြင့် သူတို့၏ လူမှုအသိုက်အဝန်းက ဖယ်ကြဉ်ချန်လှပ်၍ အလွဲသုံးစားပြုခံရသောသူများအတွက် သခင်ယေရှု၏ အမှုတော်မြတ်နှင့်ဆိုင်သောအကြောင်းအရာကို ဖတ်ရှုပါ။ ရှင်မာကု အခန်းကြီး ၅ အပိုဒ်ငယ် ၂၁ မှ ၃၄ သည် ၎င်း၏ ခက်ခဲနက်နဲမှုများ သြဇာအာဏာပြုမှုတုံ့ပြန်သက်ရောက်မှုများ (power dynamics) မပါရှိသည့် အဖြစ်အပျက်တစ်ခုဖြစ်ပါသည် - သို့သော်လည်း အလွဲသုံးစားပြုခံရသူများအပေါ် မေတ္တာပြခြင်း၏ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ ဆင်ခြင်စဉ်းစားရာတွင် အကြောင်းအရာများစွာကို ပေးပါသည်။

*ဤကျမ်းပိုဒ်နှင့်ပတ်သက်၍ သမ္မာကျမ်းအနက်ဖွင့်ခြင်းအချို့*

ယေရှုက ယာဣရုနှင့်အတူ သူ၏ ကြီးစွာနာမကျန်းဖြစ်နေသည့်သမီးငယ်ဆီသို့ အလျင်စလိုသွားနေသည့်ပုံစံဖြင့် ဤအကြောင်းအရာကို ဖွင့်ပြထားပါသည်။

သူ၏သမီးငယ်ကို သွားရောက်ကုသပေးရန် ယာဣရုက ယေရှုကို အနူးအညွတ်တောင်းပန်ခဲ့ပါ၏။ ယာဣရု၏အိမ်သို့ အလျင်စလိုသွားနေစဉ် လူအုပ်ကြီးက သူတို့ကို ဝိုင်းရံထားသော်လည်း ယေရှုက ရုတ်တရက်ရပ်တန့်လိုက်ပြီး သူ့ကိုပွတ်တိုက်မိသောလူများ၏ မျက်နှာကို ရှာပုံတော်ဖွင့်နေပါ၏။ လူအုပ်ကြီးငြိမ်သက်သွား၍ ယေရှုက သြဇာအာဏာအပြည့် သနားခြင်းကရုဏာဖြင့် မေးလိုက်ပါတယ်။ 'ငါ့အဝတ်ကို အဘယ်သူတို့သနည်း။'

တပည့်တော်များက ဤမေးခွန်းအား ထူးဆန်းသည်ဟု မြင်ကြပါ၏။ လွန်ခဲ့သောမိနစ်အတွင်းမှာ မည်သူမဆို ယေရှုကို တို့ထိခဲ့ကြသည့်အတွက်၊ ဒါကဘာကိုဆိုလိုတာလဲ။ ဒါပေမယ့် ယေရှုဆိုလိုရင်းကို အတိအကျသိသော မိန်းမတစ်ဦးရှိပါ၏။ ဤမိန်းမဟာ သွေးသွန်နာရောဂါကို ၁၂ နှစ်ခန့် ခံစားနေခဲ့ရပါတယ်။

ခန္ဓာကိုယ်ဝေဒနာ နှင့် နာမကျန်းမှုဆိုင်ရာ မသက်မသာဖြစ်ခြင်းက သူမအဖြစ်အပျက်၏ အဆိုးဆုံးအပိုင်းမဟုတ်ပါ။

သူမ၏ရောဂါအခြေအနေကြောင့်၊ ထုံးတမ်းဓလေ့အရ သူမကို မသန့်ရှင်းသောသူအဖြစ် ယူဆထားကြပြီး ဝတ်ပြုကိုးကွယ်ခြင်းနှင့်သူမ၏အသိုက်အဝန်းမှ ဖယ်ကြဉ်ချန်လှပ်ခံရပါသည်။ သူမဟာ ခေါင်းပုံဖြတ်ခြင်း နှင့် အလွဲသုံးစားပြုခြင်းကို ခံခဲ့ရပါတယ်။ သူမ၏ရောဂါကို ဆရာဝန်များထံ တစ်ယောက်ပြီးတစ်ယောက် သွားပြခဲ့သည့်အကြောင်းကိုလည်း ဖော်ပြထားပါတယ်။ သူမ၏ပိုက်ဆံကို ယူကြသော်လည်း ရောဂါမှာ ပျောက်ကင်းသွားခြင်းမရှိပါ။ တကယ်တော့၊ သူမရဲ့ရောဂါ ပိုဆိုးလာပါတယ်။

ဒါဟာ မိမိဥ္စာရှိသမျှသောအရင်းအမြစ်များ၏ အဆုံးသတ်ကိုရောက်နေသည့် မိန်းမတစ်ဦးရဲ့ အကြောင်းဖြစ်ပါတယ်။ သို့သော်လည်း အဘယ်သူကတို့ထိသနည်းဟု မေးချိန်တွင် ယေရှုဘာကိုဆိုလိုသည်ကို သူမနားလည်ပါ၏။ ရောဂါပျောက်ကင်းဖို့ တွယ်မိတွယ်ရာမျှော်လင့်ချက်လေးတစ်ခုဖြင့် ယေရှုအနားသို့သွား၍ သူ့ဝတ်ရုံကိုတို့ထိရန် လူအုပ်ကြီးကိုဖောက်ထွက်ဖို့အတွက် နောက်ဆုံးလက်ကျန်ခွန်အားနှင့်သတ္တိကို သူမစုစည်းခဲ့ပါတယ်။ ဒါနဲ့ သူမရောဂါပျောက်ကင်းခဲ့ပါတယ်။

မယုံနိုင်ဖွယ်ရာပါပဲ၊ ဝတ်ရုံကိုတို့ထိလိုက်စဉ်ခဏ၌ သူမ၏ခန္ဓာကိုယ် အလုံးစုံ နဂိုအတိုင်းပြန်လည်သက်သာ ကောင်းမွန်လာမှု သူမသိလိုက်ပါတယ်။ ဒါပေမဲ့ အခုတော့ သူမကြောက်နေမိပါတယ်။ မလုပ်အပ်သည့်အရာကို လုပ်မိခဲ့ပြီး သူမ၏တို့ထိမှုက ယေရှုကို မသန့်ရှင်းစေကြောင်းကို သိသောကြောင့် အပြစ်စီရင်ခြင်းခံရမည်ဟု ထင်ထား ပါတယ်။ လူအုပ်ကြီးနှင့်ဝေးရာကို ရှောင်ထွက်သွားဖို့ သူမ စဉ်းစားလိုက်ပါတယ်။ သို့သော်လည်း သိမ်မွေ့သောအသံ၊ နူးညံ့သောအကြည့်၊ နှုတ်ခမ်းပေါ်ကအပြုံးရေးရေးလေးမှ တစ်စုံတစ်ရာက သူမကို ထိုနေရာတွင်ဆက်ရှိနေဖို့ သတ္တိတွေ ပေးကောင်းပေးနိုင်ပါတယ်။ ထို့နောက် ယေရှုရှေ့၌ မျက်နှာကိုကွယ်ဝှက်ထားကာ ပျပ်ဝပ်၍နေလေ၏။

သူတို့ရှေ့တွေ့ရှိရသော အဖြစ်အပျက်ကြောင့် အခုတော့ လူအုပ်ကြီးက တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။ ဘာမှမဟုတ်တဲ့ အပယ်ခံမိန်းမတစ်ယောက်ကို ယေရှုဘယ်လို ပြုမူဆက်ဆံမလဲ။ ဒါပေမယ့် အပြစ်တင်ခြင်းနဲ့ ရက်စက်ကြမ်းတမ်းတဲ့စကားလုံး တစ်လုံးမျှထွက်မလာပါဘူး။ ကိုယ်ကိုညွတ်ကာ ထိုမိန်းမ မတ်တပ်ရပ်ဖို့ ယေရှုက လက်ကမ်းပေးကောင်းပေးနိုင်ပါတယ်။ ချစ်ခြင်းမေတ္တာနှင့်ကြည်နူးမှုတို့ဖြင့် သူမ၏မျက်လုံးကိုစိုက်ကြည့်ပြီး

နောက်တစ်ကြိမ် သူမေးကောင်းမေးနိုင်ပါတယ်။ ငါ့အဝတ်ကို အဘယ်သူတို့သနည်း။ ပြီးတော့ သူမအမည်ကို ပြောပြကောင်းပြောပြနိုင်ပါတယ်။ ပြီးတော့ ချစ်ခြင်းမေတ္တာပြည့်ဝတဲ့ ဤမြင်ကွင်းလေးကို ကျွန်ုပ်တို့စိတ်ကူးပုံဖော်နိုင်ပါတယ်။

ယေရှု၏အားပေးခြင်းကြောင့်၊ သူမ၏ကိုယ်ခန္ဓာရောဂါဝေဒနာသာမက၊ သူမအပေါ် ပြုမူလုပ်ဆောင်ခဲ့ကြသည့် အရာများ၊ မည်သို့မည်ပုံတုံ့ပြန်ခဲ့သည့်အကြောင်း နှင့်ပတ်သက်သော သူမ၏ အလွန်ဆိုးရွားသည့်ဘဝဇာတ်ကြောင်း အမှန်တရားတစ်ခုလုံးကို ယေရှုကိုပြောပြပါတယ်။ သူမကို ဖယ်ကြဉ်ချန်လှပ်ထားသော လူ့အသိုက်အဝန်း၏ အရှေ့၌ ပြောသည့်အရာများကို ယေရှုကနားထောင်ပေးပြီး၊ ယင်းနားထောင်ပေးခြင်းက သူမ၏ ခန္ဓာကိုယ် ထက်ပိုသော ပြန်လည်သက်သာပျောက်ကင်းမှုကိုရရှိခဲ့ပါတယ်။ လူ့အသိုင်းအဝိုင်းအတွင်းရှိ သူမ၏ ဂုဏ်သိက္ခာ နှင့် နေရာကို ပြန်လည်ရရှိပြီး ရှက်စိတ်သိမ်ငယ်စိတ်များကို ဖယ်ရှားလိုက်ပါတယ်။ သူနှင့်အတူနားထောင်သည့်သူများ၌ တရားမျှတမှုမရှိခြင်းကို ယေရှုက စကားလုံးတစ်ခွန်းမျှမဆိုဘဲ မြင်သအောင်ပြသွားပါတယ်။

ထို့နောက် ယေရှုက ပြောလိုက်ပါတယ်။ ထိုအမျိုးသမီးကို ဆွေမျိုးရင်းချာဝေါဟာရ 'သမီး' ဟု ယေရှုခေါ်လိုက်ခြင်းက သူမဟာ သက်ဆိုင်သောသူ၊ လွန်စွာချစ်ခြင်းခံရသူဖြစ်ကြောင်း ကျွန်ုပ်တို့ကို သိစေပါသည်။ ဆယ်စုနှစ်တစ်ခုထက်မက ထိုလူမှုအသိုက်အဝန်းအတွင်းမှ ဖယ်ကြဉ်ခြင်းခံရသော်လည်း ကြံ့ကြံ့ခံခဲ့သည့် သူမ၏ယုံကြည်ခြင်းကို ယေရှုက အတည်ပြုပေးခဲ့ပါတယ်။ ကောင်းချီးမင်္ဂလာနှင့် ရွေးချယ်ခံရသောသူဟု အဓိပ္ပာယ်သက်ရောက်သည့် ‘ငြိမ်ဝပ်စွာသွားလော့’, ဟူသောစကားကို ယေရှုမိန့်ဆို၍ သူမ၏ဘဝအသက်တာရှုထောင့်တိုင်း၌ ကျန်းမာသန်စွမ်းမှုအလုံးစုံကို နဂိုအတိုင်းပြန်ဖြစ်စေပါသည်။ ‘ရောဂါနှိပ်စက်ခြင်းနှင့် ကင်းလွတ်စေ’ ဟု မိန့်တော်မူ၏။

(Kim Barker, *ဘုရားရဲ့ ကမ္ဘာကြီးအတွက် ဘုရားရှင်ရဲ့ဘုရားကျောင်း*၊ စာမျက်နှာ 98-99)

**ဆွေးနွေးရန်မေးခွန်းများ**

- ထိုအမျိုးသမီးနှင့် ယေရှုတို့လှယ်ပြောဆိုမှု လုပ်ဆောင်ရာတွင် မည်သည့်အရာများက သင့်အတွက် သိသာထင်ရှားနေသနည်း။
- ယေရှု ရပ်တန့်ဖို့ မလိုအပ်ပါ။ သူ့ဝတ်ရုံကို တို့ထိလိုက်ချိန်တွင် ထိုအမျိုးသမီး၏ အနာရောဂါ သက်သာပျောက်ကင်းသွားပါသည်။ ဘာကြောင့် ယေရှု ရပ်တန့်လိုက်သည်ဟု သင်ထင်သနည်း။
- ထိုအမျိုးသမီးသည် အလွဲသုံးစားပြုခြင်းခံရသည်။
    1. သူမကို အလွဲသုံးစားပြုသူများက ဘယ်သူတွေလဲ။
    2. သူမကို ဘယ်လိုအလွဲသုံးစားပြုခဲ့ကြပါသလဲ။
    3. သူမကိုအလွဲသုံးစားပြုရန် လွယ်ကူသောပစ်မှတ်ဖြစ်စေသည့် အရာက ဘာလဲ။
- ဘေးကင်းလုံခြုံသော ဘုရားကျောင်း လုပ်ဆောင်မှုများကို စဉ်းစားချိန်၌ ဤပုံပြင်လေးက ကျွန်ုပ်တို့ကို မည်သည့်အရာများပေးသနည်း။

## ၃။ တုံ့ပြန်မှု ပြုလုပ်ပါ (မိနစ် ၂၀)

ဤ Lambeth နိုးဆော်မှု က **လူသားမျိုးနွယ်မိသားစုဝင်အားလုံးအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ**အပေါ် ကျွန်ုပ်တို့ကို အထူးအာရုံစိုက်မိစေပါသည်။ သင့်အသက်တာ သို့မဟုတ် သင့်အနီးအနားရှိလူများ၏အသက်တာများ၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင်တွေ့ကြုံခံစားရပုံများကို **အချိန်ယူ၍** အမှတ်ရပေးပါ။

သင်ဆွေးနွေးခဲ့သည့် သမ္မာကျမ်းပိုဒ်နှင့် ယေရှု၏သာဓကမှ သင်ယူနိုင်မည့်အရာများကို စဉ်းစားပါ။

ဤပုံပြင်မှ သင်ယူလေ့လာရသည့်အကြောင်းအရာများ နှင့်ပတ်သက်ပြီး သင့်အသင်းတော်အတွင်း သို့မဟုတ် အလုပ်၌ သို့မဟုတ် ဤလူမှုအသိုက်အဝန်းအတွင်း သင်မည်ကဲ့သို့လုပ်ဆောင်မှုပြုမည်ကို ဆွေးနွေး၍

ဆုံးဖြတ်ပါ။ အလွဲသုံးစားပြုခြင်း ခံခဲ့ရသောသူများ သို့မဟုတ် ခံနေရသောသူများအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဤအသင်းတော်က မည်သို့ဖော်ပြနိုင်သနည်း။

အလွဲသုံးစားပြုခြင်းခံရသောသူများ၏ အတွေ့အကြုံအများကို သင့်အသင်းတော်က နားထောင်ပေးကြောင်း၊ အထူးအာရုံစိုက်ပေးကြောင်း အသင်းတော်က မည်ကဲ့သို့သေချာအောင်လုပ်ဆောင်ပေးနိုင်မည်ကို ဆွေးနွေး၍ ဆုံးဖြတ်ပါ။

အလွဲသုံးစားပြုခြင်းတစ်ခုကို တင်ပြချိန်၌ သနားခြင်းကရုဏာနှင့် တရားမျှတသောလုပ်ငန်းစဉ်ဖြင့် တုံ့ပြန်ဖို့အလို့ငှာ ဤအသင်းတော်ကို လိုအပ်သော အသိပညာ နှင့် အတတ်ပညာများဖြင့် မည်ကဲ့သို့ ပံ့ပိုးပေးနိုင်မည်နည်း။

အားနည်းသောသူများကို ကာကွယ်ပေးနေကြောင်း နှင့် အလွဲသုံးစားပြုခြင်းကိုတားဆီးနေကြောင်း သေချာစေရန် မည်သည်တို့ကို ကျွန်ုပ်တို့ မဖြစ်မနေလုပ်ဆောင်ရမလဲ။

*ဘေးကင်းလုံခြုံသော ဘုရားကျောင်း*နှင့်ဆိုင်သော စာရွက်စာတမ်းကို ဖတ်ရှုရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့ပါ။
*စတင်ရန်အတွက်လမ်းညွှန်*။

အင်္ဂလီကန်သဟာယ၏ စီရင်စုအတွင်းရှိ လူအားလုံး၊ အထူးသဖြင့် ကလေးသူငယ်များ၊ လူငယ်များ နှင့် အားနည်းသော လူကြီးများ၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပေးရန် အင်္ဂလီကန်သဟာယ၏ အသင်းတော်များအတွင်းရှိ လူအားလုံး ဘေးကင်းလုံခြုံရေး ပဋိညာဉ်စာချုပ် ကို ခံယူခြင်းနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ခြင်းတို့တွင် အသင်းတော်ကို လမ်းညွှန်မှုပေးရန် ထိုအဖွဲ့ကို ခွင့်ပြုပေးပါ။

ဘေးကင်းလုံခြုံသော ဘုရားကျောင်း/အကာအကွယ်ပေးခြင်းဆိုင်ရာ စီမံချက်များ နေရာတကျရှိနေသည့် အသင်းတော်များအတွက် နောက်တစ်ဆင့်လုပ်ဆောင်ရမည့်အရာကဘာလဲ။ ဘေးကင်းလုံခြုံသော ဘုရားကျောင်း အလုပ်သည် ဘယ်တော့မှ မပြီးဆုံးပါ။ အားလုံးအတွက် ကျွန်ုပ်တို့၏အသင်းတော်များကို ပို၍ဘေးကင်းလုံခြုံမှုရှိစေရန် ဆက်လက်လုပ်ဆောင်ရမည့်အလုပ်ဖြစ်ပါသည်။

# နိဂုံးချုပ်ဆုတောင်း

## အလွဲသုံးစားခံရခြင်းကြောင့် နာကျင်ခံစားနေရသူများအတွက် ဆုတောင်းချက်များ

ချစ်လှစွာသောဘုရားသခင်၊

ဒုက္ခခံစားရသူနှင့် အောင်နိုင်သူ နှစ်မျိုးလုံး၏ အဖ၊

အလွဲသုံးစားပြုခြင်းခံရသူများအတွက် ကျွန်ုပ်တို့ ဆုတောင်းပါ၏-

မရေရာမှုနှင့်ဝေဒနာများကြား၌ သူတို့နှင့်အတူရှိနေပေးပါ၊

ခန္ဓာကိုယ်ဒဏ်ရာနှင့် စိတ်ဒဏ်ရာများကို ကုသပေးပါ၊

ကြောက်ရွံ့မှု၊ သိမ်ငယ်မှု နှင့် စိတ်ပျက်အားငယ်မှု အချုပ်အနှောင်များမှ လွတ်ငြိမ်းပေးပါ၊

ထို့ပြင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း နှင့် သတ္တိတို့ဖြင့် သူတို့၏ အနာဂတ်ကို ရင်ဆိုင်ဖို့ရန် ခွန်အားပေးပါ။

ဝေဒနာခံစားရသောခရစ်တော်၏ အနာရောဂါငြိမ်းစေသည့် တို့ထိမှုအားဖြင့်

ခန္ဓာကိုယ်၊ စိတ် နှင့် ဝိညာဉ် တစ်လုံးတစ်ဝတည်း ဖြစ်စေရန်အလို့ငှာ

ချစ်ခြင်းမေတ္တာဖြင့် သူတို့ဆီသို့ ကမ်းလက်လှမ်းတော်မူပါ။

**အာမင်**

ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ ကူညီစောင်မသူ အဖဘုရားသခင်၊

အကြမ်းဖက်မှု၊ အလွဲသုံးစားမှု နှင့် ဥပက္ခာပြုမှုတို့မှ လွန်မြောက်လာသူများအတွက် ဆုတောင်းပါ၏။

အင်အားမဲ့သောသူများကို ခွန်အားပေးတော်မူပါ၊

ဝိညာဉ် လွတ်ဟာနေသောသူတို့ကို သခင်၏ပြည့်ဝစုံလင်ခြင်း ပေးသနားတော်မူပါ။

သူတို့၏ ဒုက္ခဝေဒနာများကို ကုသပေးပါ၊ ကြောက်ရွံ့မှုမှ လွတ်ငြိမ်းစေပါ၊

ထို့ပြင် သူတို့အား စစ်မှန်သောကျန်းမာခြင်းဖြင့် ပြန်လည်ပြည့်ဝစေပါ။

ကားစင်တင်ခြင်းခံရ၍ ပြန်လည်ရှင်ပြန်ထမြောက်သော ကယ်တင်ရှင်၊

အသက်ရှင်၍ အရှင်နှင့်သန့်ရှင်းသော်ဝိညာဉ်တော်တို့နှင့်အတူ စိုးစံသောသူ၊

အမြဲထာဝရ တစ်ဆူတည်းသောဘုရား၊

ယေရှုခရစ်တော်အားဖြင့် ထိုအရာကို ပေးသနားတော်မူပါ။

**အာမင်**။

## အလွဲသုံးစားပြုသူများအတွက် ဆုတောင်းချက်များ

ကမ္ဘာမြေကြီးတစ်ခုလုံးကို တရားစီရင်သူ၊

တရားမျှတမှု၏ ဘုရားသခင်၊

အခြားသူများကို အလွဲသုံးစားပြုသူအားလုံးကို သခင့်ရှေ့မှောက်သို့ ယူဆောင်လာပါ၏။

အကြမ်းဖက်သူများ၏နှလုံးသားကို ဆိုးယုတ်ခြင်းလမ်းမှ သွေဖယ်စေပါ။

သူတို့လုပ်ဆောင်သော ထိခိုက်ပျက်စီးမှုကို မုန်းတီးမှုဖြင့် ပြည့်စေ၍၊

သူတို့ဆီသို့ စစ်မှန်သော နောင်တနှင့်

အသက်တာ ပြောင်းလဲခြင်းတို့ကို

ယေရှုခရစ်တော်အလို့ငှာ ယူဆောင်ပေးတော်မူပါ။

**အာမင်**။

သြစတြေးလျအတွက် ဆုတောင်းစာအုပ်၏ *အခါအားလျော်*
*ဆုတောင်းချက်များ* အခန်းမှ *ဆုတောင်းချက်များ*။ Broughton Books. 1992။

# အရင်းအမြစ်များကို ပံ့ပိုးပေးခြင်း

Lambeth Conference ဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် နောက်ထပ် အကြံဉာဏ်များနှင့် အကြံပြုချက်များအတွက် ဤကျမ်းစာလေ့လာမှု၌ ပါဝင်သည့် အရင်းအမြစ်များနှင့် အကြံဉာဏ်များဆိုင်ရာ အချက်အလက်စာရွက်ကို ကြည့်ရှုပါ။

## သင့်အကြောင်းကို မျှဝေပါ – ဘုန်းတော်ကြီး Jo ထံမှ သတင်းစကား



ခရီးစဉ်၏အဆင့်တစ်ခုစီတွင်၊ သင့်အခြေအနေ၌ Lambeth နိုးဆော်မှုသည်

သင့်အတွက် မည်သို့မည်ပုံဖြစ်သည်ကို မျှဝေရန် သင့်ကိုဖိတ်ခေါ်ပါသည်။ ဆုတောင်းခြင်း၊ ဓာတ်ပုံတစ်ပုံ၊ သက်သေခံချက်အတို သို့မဟုတ်

ဇာတ်လမ်း၊ သင့်ပရောဂျက်တစ်ခုအကြောင်း အချက်အလက်များမျှဝေရန် သင်ရွေးချယ်နိုင်သည်။

**ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ၎င်းတို့ကို မျှဝေပါ-**

https://www.lambethconference.org/phase-3/share-your-story/

သို့မဟုတ် ဆိုရှယ်မီဒီယာတွင် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

Facebook: /LambethConference

Instagram: /LambethConference

X: @LambethConf